၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ကေခိုင် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

## အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားဉာဏ်ရည်တုနည်းပညာ အခြေပြုစီမံကိန်းများရေးဆွဲပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများအား ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ထ) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဒ) ပါမောက္ခချုပ် — အဖွဲ့ဝင်
Naypyitaw State Polytechnic University (NSPU)

(ဓ) ပါမောက္ခချုပ် — အဖွဲ့ဝင်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

(န) ပါမောက္ခချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

(ပ) ပါမောက္ခချုပ် — အဖွဲ့ဝင်
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်

(ဖ) စီမံကိန်းဒါရိုက်တာ — အတွင်းရေးမှူး
အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ

၂။ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ ချမှတ်ရန်၊

(ခ) စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ရန်၊

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအလိုက် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ရန်၊

(ဃ) လုပ်ငန်းအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များသတ်မှတ်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်၊

(င) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း၏ ကာလနှင့် အဆင့်အလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို စိစစ်ရန်၊

(စ) စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုကို အစီရင်ခံတင်ပြရန်၊

(ဆ) စီမံကိန်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အဆင့်အလိုက်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

**အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အခွန်အယူခံခုံအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (၃) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (၄) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (၅) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (၆) | ဦးဝင်းတင် | အဖွဲ့ဝင် |
| (၇) | ဦးကြည် | အဖွဲ့ဝင် |
| (၈) | ဦးမျိုးအောင် | အဖွဲ့ဝင် |

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၆၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆ ၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးဇော်ဖြိုးအောင်<br>တ/ ၃၇၅၁ | ချမ်းအေးသာစံ (စည်ပင်သာယာ)<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဇင်မာအေး<br>တ/၃၈၅၅ | ပျဉ်းမနား<br>မန္တလေးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၆၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ချောင်းဆုံမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ရည်မွန်လှ (တ/၃၅၈၉) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ငပုတောမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ဖြိုးဝေဇင်ဖူး (တ/၃၂၇၁) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး (ငွေမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးတာဝန်ပူးတွဲ) ဦးနေမျိုးကျော် (တ/၃၄၁၆) အား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တရားရုံး မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန် အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကျောက်ပန်းတောင်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး

ဦးအောင်မြင့်သော် (တ/၃၇၇၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာခွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၀၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်နုယမင်းဖြူ<br>တ/ ၃၇၄၄ | ရွှေပြည်သာ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်ယမင်းနန္ဒာ<br>တ/၃၇၈၅ | တာမွေ<br>ရန်ကုန်တိုင်းဒေသကြီး |

သာခွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၀၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပေါက်ခေါင်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းခန့်ဇေယျာလွင် (တ/၃၇၇၃) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာခွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၅၀၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးကောင်းမြတ်စိုး<br>တ/ ၃၅၀၈ | ရေး<br>မွန်ပြည်နယ် |
| ၂။ | ဒေါ်ဇာဇာမင်းအောင်<br>တ/၃၇၅၄ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>လသာ<br>ရန်ကုန်တိုင်းဒေသကြီး |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၅၀၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ လှည်းကူးမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဦးကောင်းမြတ်လင်း (တ/၄၀၇၀) အား ဒုတိယတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄၊ ၁၆၇၊ ၁၉၀၊ ၂၀၆ နှင့် ၅၆၂ ပါ ထပ်ဆင့်ရာဇဝတ်အာဏာများကိုအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၅၅၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤညွှန်ကြားချက်ကို **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်** ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ** ကို ဆိုသည်။

(ခ) **လျှောက်ထားသူ** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လိုင်စင်နှင့်သက်ဆိုင်သည့် မည်သည့်လျှောက်ထားချက်တွင်မဆို လျှောက်ထားသူနေရာတွင် အမည်ထည့်သွင်းဖော်ပြထားသော ပုဂ္ဂိုလ်သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဂ) **လိုင်စင်ကြေး** ဆိုသည်မှာ လိုင်စင်လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့အတွက် ပေးသွင်းရသည့် အခကြေးငွေကို ဆိုသည်။

(ဃ) **ဝန်ဆောင်ခ** ဆိုသည်မှာ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း၊ ခွင့်ပြုမိန့်မိတ္တူလျှောက်ထားခြင်းနှင့် လိုင်စင်မိတ္တူလျှောက်ထားခြင်းတို့အတွက် ပေးသွင်းရသည့် ဝန်ဆောင်ခကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤညွှန်ကြားချက်တွင် သတ်မှတ်ဖော်ပြထားသည့် ပုံစံကို ဆိုသည်။

## အခန်း (၂)

## လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၃။ လိုင်စင်လျှောက်ထားလိုသူသည် ပုံစံ (က) ဖြင့် သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ လျှောက်ထားရမည်။

၄။ လိုင်စင်လျှောက်ထားရာတွင် အမည်ပျက်စာရင်း ရေးသွင်းထားသည့် ကုမ္ပဏီ မဖြစ်စေရ။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ကိုင်မည့် ကုမ္ပဏီဖြစ်ရမည်။

၅။ လိုင်စင်လျှောက်ထားသူသည် ပုံစံ(က)နှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

( ခ ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူမှန်၊

( ဂ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ်သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ်သိန်းတစ်ထောင်နှင့် ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားသည့်အထောက်အထားမူရင်း၊

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အမည်စာရင်း ပုံစံ(က-၁)၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုတွင်အသုံးပြုမည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းအမျိုးအစားနှင့် အရေအတွက်စာရင်း၊

( စ ) သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

(ဆ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( ဇ ) သီးခြားတင်ပြရန် သတ်မှတ်ထားသည့် အထောက်အထားများ။

၆။ လိုင်စင်လျှောက်ထားရာတွင် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက-

(က) အပိုဒ် ၅ ပါ အထောက်အထားများ ပူးတွဲတင်ပြရမည့်အပြင် အောက်ဖော်ပြပါအချက်များကိုလည်း ဖော်ပြလျှောက်ထားရမည်-

(၁) မြန်မာနိုင်ငံသားပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ခန့်ထားမည့်အရေအတွက်(ကျား/ မ)၊

(၂) နိုင်ငံခြားသားပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ခန့်ထားမည့်အရေအတွက်(ကျား/ မ)။

( ခ ) နိုင်ငံခြားသားပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရန် အရည်အချင်းသတ်မှတ်ချက် ထည့်သွင်းဖော်ပြရမည်။

( ဂ ) နိုင်ငံခြားသားပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ခန့်ထားမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးသည့် နိုင်ငံခြားသားအလုပ်သမားမှတ်ပုံတင်ကတ်ရရှိထားသူကို ခန့်ထားရမည်။

၇။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည်-

(က) လိုင်စင်လျှောက်လွှာ လက်ခံရရှိပါက လက်ခံရရှိကြောင်းကို လိုင်စင်လျှောက်ထားသူထံသို့ လက်ခံရရှိသည့်နေ့မှ အစိုးရရုံးပိတ်ရက်များမပါ အလုပ်လုပ်ရက် သုံးရက်အတွင်း အကြောင်းကြားရမည်။

(ခ) လိုင်စင်လျှောက်ထားမှုကို သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး ညီညွတ်မှုရှိသော လိုင်စင်လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဇဟိုကော်မတီသို့ လိုင်စင်လျှောက်လွှာ လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

(ဂ) သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် လိုင်စင်လျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်စေပြီး အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားရန် လျှောက်ထားသူထံသို့ လိုင်စင်လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အကြောင်းကြားရမည်။

(ဃ) ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြလာသည့် လျှောက်ထားချက်များကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပြည့်စုံမှုရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဇဟိုကော်မတီသို့ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၈။ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဂ) အရ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် လိုင်စင်လျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခြင်းမရှိလျှင် ကနဦးလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၉။ ဇဟိုကော်မတီသည် ကြီးကြပ်ကွပ်ကဲရေးကော်မတီက သဘောထားမှတ်ချက်နှင့်အတူ တင်ပြသည့် လိုင်စင်လျှောက်လွှာများကိုစိစစ်ပြီး ဇဟိုကော်မတီအစည်းအဝေးဖြင့် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီထံ အကြောင်းကြားရမည်။

၁၀။ ဇဟိုကော်မတီသည် လိုင်စင်လျှောက်ထားခြင်းကိုခွင့်ပြုပါက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့၏ အဆိုပြုအမျိုးအစား သုံးမျိုးအနက် တစ်မျိုးကို အတည်ပြုရွေးချယ်ပေးပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အကြောင်းကြားရမည်။

၁၁။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဇဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း လိုင်စင်လျှောက်ထားသူထံ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

၁၂။ လိုင်စင်လျှောက်ထားသူသည် အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ) အရ လိုင်စင်လျှောက်လွှာကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းကြားစာလက်ခံရရှိပါက ယင်းစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များ ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

၁၃။ လိုင်စင်လျှောက်ထားသူသည် အပိုဒ် ၁၁ အရ လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားစာလက်ခံရရှိပါက ယင်းစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း-

(က) လိုင်စင်ကြေး ကျပ်သိန်းသုံးဆယ်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

(ခ) အပိုဒ်ခွဲ (က) အရ လိုင်စင်ကြေးပေးသွင်းထားသည့် အထောက်အထားတင်ပြပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီထံမှ လိုင်စင်ထုတ်ယူရမည်။

၁၄။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လျှောက်ထားသူက လိုင်စင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် ၎င်းအား လိုင်စင်ထုတ်ပေးရမည်။

## အခန်း (၃)

## လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း

၁၅။ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ သက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားသူသည် ပုံစံ (ခ) နှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) လိုင်စင်မိတ္တူ၊

(ခ) လိုင်စင်သက်တမ်းတိုးလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊

(ဃ) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

(င) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ်သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ်သိန်းတစ်ထောင်နှင့် ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားသည့်အထောက်အထားမူရင်း၊

(စ) လုံခြုံရေးအထောက်အကူပြုပစ္စည်း အမျိုးအစားနှင့် အရေအတွက်စာရင်း၊

(ဆ) သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံချက်၊

(ဇ) ပုံစံ၌ ဖြည့်သွင်းထားသည့် လိပ်စာတွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း အမှန်တကယ်တည်ရှိကြောင်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

(ဈ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်မူရင်း။ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

၁၆။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည်-

(က) လိုင်စင်သက်တမ်းတိုးလျှောက်လွှာ လက်ခံရရှိပါက လက်ခံရရှိကြောင်းကို လိုင်စင်သက်တမ်းတိုးလျှောက်ထားသူထံသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ အစိုးရရုံးပိတ်ရက်များမပါ အလုပ်လုပ်ရက် သုံးရက်အတွင်း အကြောင်းကြားရမည်။

(ခ) လိုင်စင်သက်တမ်းတိုးလျှောက်လွှာကို သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး ညီညွတ်မှုရှိသော လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

(ဂ) သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် လိုင်စင်သက်တမ်းတိုးလျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်စေပြီး အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားရန် လိုင်စင်သက်တမ်းတိုးလျှောက်ထားသူထံသို့ အကြောင်းကြားရမည်။

(ဃ) ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြလာသည့် လျှောက်လွှာများကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပြည့်စုံမှုရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၁၇။ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ) အရ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် လိုင်စင်သက်တမ်းတိုးလျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခြင်း မရှိလျှင် ကနဦးလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၁၈။ အပိုဒ် ၁၅ အရ လိုင်စင်သက်တမ်း တိုးမြှင့်ခွင့်ပြုရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင် လျှောက်ထားရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍-

(က) ပျက်ကွက်သူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ခိုင်လုံသည့် အကြောင်းပြချက်ဖြင့် လျှောက်ထားလာပါက သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီကစိစစ်၍ လက်ခံနိုင်သည်။

(ခ) အပိုဒ်ခွဲ (က) အရ လျှောက်ထားချက်ကိုလက်ခံပါက ပျက်ကွက်သူသည် သုံးလကြိုတင်လျှောက်ထားရန် စေ့ရောက်သည့်နေ့မှစတင်၍ တစ်လလျှင် ဒဏ်ကြေးငွေ တစ်သိန်းကျပ်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးဆောင်ရမည်။

**ရှင်းလင်းချက်။** သုံးလကြိုတင်လျှောက်ထားရန် စေ့ရောက်သည့်နေ့မှစတင်၍ တစ်ရက်မှ ရက်ပေါင်း ၃၀ အတွင်းကို တစ်လ ဟုလည်းကောင်း၊ ရက်ပေါင်း ၃၀ ကျော်လွန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်းကို နှစ်လ ဟုလည်းကောင်း၊ ရက်ပေါင်း ၆၀ ကျော်လွန်၍ ရက်ပေါင်း ၉၀ အတွင်းကို သုံးလ ဟုလည်းကောင်း မှတ်ယူရမည်။

၁၉။ ဗဟိုကော်မတီသည် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တင်ပြလာသည့် လိုင်စင်သက်တမ်းတိုးလျှောက်လွှာများကို ဗဟိုကော်မတီအစည်းအဝေးဖြင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီထံ အကြောင်းကြားရမည်။

၂၀။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း လိုင်စင်သက်တမ်းတိုးလျှောက်ထားသူထံ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

၂၁။ လိုင်စင်သက်တမ်းတိုးလျှောက်ထားသူသည် အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုး လျှောက်လွှာကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပြန်လည်လျှောက်ထား နိုင်သည်။

၂၂။ လိုင်စင်သက်တမ်းတိုးလျှောက်ထားသူသည် အပိုဒ် ၂၀ အရ လိုင်စင်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်းအကြောင်းကြားစာ လက်ခံရရှိပါက ယင်းစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း-

(က) လိုင်စင်ကြေး ကျပ်သိန်းနှစ်ဆယ်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

( ခ ) အပိုဒ်ခွဲ (က) အရ လိုင်စင်ကြေးပေးသွင်းထားသည့် အထောက်အထားတင်ပြပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီထံမှ လိုင်စင်သက်တမ်းတိုး လက်မှတ်ထုတ်ယူရမည်။

၂၃။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားသူက လိုင်စင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် ၎င်းအား လိုင်စင်သက်တမ်းတိုးလက်မှတ် ထုတ်ပေးရမည်။

## အခန်း (၄)
## လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူလျှောက်ထားခြင်း

၂၄။ လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက လိုင်စင်မိတ္တူ လျှောက်ထားသူသည် ပုံစံ (ဂ) နှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) လိုင်စင်မိတ္တူ (ရှိလျှင်)

( ခ ) လိုင်စင်မိတ္တူလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

( ဂ ) လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်း ကတိခံဝန်ချက်မူရင်း၊

(ဃ) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေး ဘဏ်၌ အနည်းဆုံး ငွေကျပ်သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ်သိန်းတစ်ထောင်နှင့် ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားသည့်အထောက်အထားမူရင်း၊

( စ ) လုံခြုံရေးအထောက်အကူပြုပစ္စည်း အမျိုးအစားနှင့် အရေအတွက်စာရင်း၊

(ဆ) လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( ဇ ) လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( ဈ ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ည) သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်။

၂၅။ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူလျှောက်လွှာကို လက်ခံရရှိပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်၍ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို လိုင်စင်မိတ္တူလျှောက်ထားသူထံ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြား ရမည်။

၂၆။ လိုင်စင်မိတ္တူလျှောက်ထားသူသည် ခွင့်ပြုကြောင်း အကြောင်းကြားစာလက်ခံရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီက သတ်မှတ်သည့်ဝန်ဆောင်ခ ကျပ်သိန်းနှစ်ဆယ်ကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီထံမှ လိုင်စင်မိတ္တူ ထုတ်ယူ ရမည်။

၂၇။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်မိတ္တူ လျှောက်ထားသူက အပိုဒ် ၂၆ အရ ဝန်ဆောင်ခပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် ၎င်းအား လိုင်စင်မိတ္တူ ထုတ်ပေးရမည်။

## အခန်း (၅)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၂၈။ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲများအတွက် စုစုပေါင်း ၁၀ ဦးထက်ပိုသော လုံခြုံရေးဝန်ထမ်း ခန့်ထားသူသည် ခွင့်ပြုမိန့်လျှောက်လွှာကို လုပ်ငန်းရှင်ကိုယ်တိုင် ပုံစံ (ဃ) ဖြင့် သက်ဆိုင်ရာကြီးကြပ် ကွပ်ကဲရေးကော်မတီသို့ လျှောက်ထားရမည်။

၂၉။ ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပုံစံ(ဃ)နှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြ ရမည်-

(က) လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက ခွင့်ပြုထားသည့် ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်မိတ္တူမှန်၊

( ခ ) ပုံစံ၌ ဖြည့်သွင်းထားသည့် လိပ်စာတွင် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ အမှန်တကယ်တည်ရှိကြောင်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူ ထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( ဂ ) လုပ်ငန်း၊ လုပ်ငန်းခွဲအလိုက် ခန့်ထားသည့် လုံခြုံရေးဝန်ထမ်း အင်အားစာရင်း အသေးစိတ်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( င ) လုံခြုံရေးဝန်ထမ်း၏ အရည်အချင်းသတ်မှတ်ချက်များ၊

( စ ) သီးခြားတင်ပြရန် သတ်မှတ်ထားသည့် အထောက်အထားများ။

၃၀။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည်-

(က) ခွင့်ပြုမိန့်လျှောက်လွှာ လက်ခံရရှိပါက လက်ခံရရှိကြောင်းကို လျှောက်ထားသူထံသို့ လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ အစိုးရရုံးပိတ်ရက်မပါ အလုပ်လုပ်ရက်သုံးရက်အတွင်း အကြောင်းကြားရမည်။

( ခ ) ခွင့်ပြုမိန့်လျှောက်ထားချက်တွင် သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး ညီညွတ်မှုရှိသော ခွင့်ပြုမိန့်လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ လျှောက်လွှာလက်ခံ ရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း တင်ပြရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသည့် ခွင့်ပြုမိန့်လျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်စေပြီး အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားရန် ခွင့်ပြုမိန့် လျှောက်ထားသူထံသို့ အကြောင်းကြားရမည်။

(ဃ) ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြလာသည့် လျှောက်လွှာများကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပြည့်စုံမှုရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၃၁။ အပိုဒ် ၃၀၊ အပိုဒ်ခွဲ (ဂ) အရ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် ခွင့်ပြုမိန့်လျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခြင်းမရှိလျှင် ကနဦးလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၃၂။ ဗဟိုကော်မတီသည် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တင်ပြလာသည့် ခွင့်ပြုမိန့်လျှောက်လွှာများကို ဗဟိုကော်မတီအစည်းအဝေးဖြင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီထံ အကြောင်းကြားရမည်။

၃၃။ ဗဟိုကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ခွင့်ပြုပါက လုံခြုံရေးဝန်ထမ်း ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့၏ အဆိုပြုအမျိုးအစား သုံးမျိုးအနက် တစ်မျိုးကို အတည်ပြုရွေးချယ်ပေးပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အကြောင်းကြားရမည်။

၃၄။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ခွင့်ပြုမိန့်လျှောက်ထားသူထံ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

၃၅။ ခွင့်ပြုမိန့်လျှောက်ထားသူသည် အပိုဒ် ၃၀၊ အပိုဒ်ခွဲ (ဂ) အရ ခွင့်ပြုမိန့်လျှောက်လွှာကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

၃၆။ ခွင့်ပြုမိန့်လျှောက်ထားသူသည် အပိုဒ် ၃၄ အရ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားစာ လက်ခံရရှိပါက ယင်းစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း-

(က) ဝန်ဆောင်ခ ကျပ်တစ်ဆယ်သိန်းကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဝန်ဆောင်ခပေးသွင်းထားသည့် အထောက်အထားတင်ပြပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီထံမှ ခွင့်ပြုမိန့်ထုတ်ယူရမည်။

၃၇။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားသူက အပိုဒ် ၃၆ အရ ဝန်ဆောင်ခပေးသွင်းပြီးကြောင်း အထောက်အထားဖြင့်တင်ပြလာပါက ၎င်းအား ခွင့်ပြုမိန့်ထုတ်ပေးရမည်။

## အခန်း (၆)

## ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း

၃၈။ ခွင့်ပြုမိန့်ရရှိသူသည် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများကို ဆက်လက်ခန့်ထားလိုပါက သက်တမ်းမကုန်ဆုံးမီ ၃ လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် ပုံစံ (င) နှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) ခွင့်ပြုမိန့်မိတ္တူ၊

( ခ ) ခွင့်ပြုမိန့် ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

( ဂ ) သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံချက်၊

(ဃ) ပုံစံ၌ ဖြည့်သွင်းထားသည့်လိပ်စာတွင် လုပ်ငန်းတည်ရှိကြောင်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

( င ) လုပ်ငန်း၊ လုပ်ငန်းခွဲအလိုက် ခန့်ထားသည့် လုံခြုံရေးဝန်ထမ်း အင်အားစာရင်း အသေးစိတ်၊

( စ ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်မူရင်း၊ (ရက်ပေါင်း ၃၀ အတွင်း ရယူထားသည့် ထောက်ခံချက်ဖြစ်ရမည်)

(ဆ) လုပ်ငန်းဆောင်ရွက်ချက် အကျဉ်းချုပ်ဖော်ပြချက်။

၃၉။ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည်-

(က) ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်လွှာ လက်ခံရရှိပါက လက်ခံရရှိကြောင်းကို လျှောက်ထားသူထံသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ အစိုးရရုံးပိတ်ရက်မပါ အလုပ်လုပ်ရက် သုံးရက်အတွင်း အကြောင်းကြားရမည်။

( ခ ) ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်တွင် သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး ညီညွတ်မှုရှိသော လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

( ဂ ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသည့် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်စေပြီး အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားရန် လျှောက်ထားသူထံသို့ အကြောင်းကြားရမည်။

(ဃ) ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြလာသည့်လျှောက်ထားချက်များကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပြည့်စုံမှုရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၄၀။ အပိုဒ် ၃၉၊ အပိုဒ်ခွဲ (ဂ) အရ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိသည့် ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်လွှာများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခြင်းမရှိလျှင် ကနဦး လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၄၁။ အပိုဒ် ၃၈ အရ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထားရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍-

(က) ပျက်ကွက်သူသည် ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် လျှောက်ထားလာပါက သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီကစိစစ်၍ လက်ခံနိုင်သည်။

( ခ ) အပိုဒ်ခွဲ (က) ပါ လျှောက်ထားချက်ကို လက်ခံပါက ပျက်ကွက်သူသည် သုံးလကြိုတင်လျှောက်ထားရန် စေ့ရောက်သည့်နေ့မှစတင်၍ တစ်လလျှင် ဒဏ်ကြေးငွေငါးသောင်းကျပ်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးဆောင်ရမည်။

**ရှင်းလင်းချက်။** သုံးလကြိုတင်လျှောက်ထားရန် စေ့ရောက်သည့်နေ့မှစတင်၍ တစ်ရက်မှ ရက်ပေါင်း ၃၀ အတွင်းကို တစ်လဟုလည်းကောင်း၊ ရက်ပေါင်း ၃၀ ကျော်လွန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်းကို နှစ်လဟုလည်းကောင်း၊ ရက်ပေါင်း ၆၀ ကျော်လွန်၍ ရက်ပေါင်း ၉၀ အတွင်းကို သုံးလဟုလည်းကောင်း မှတ်ယူရမည်။

၄၂။ ဗဟိုကော်မတီသည် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တင်ပြလာသည့် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်လွှာများကို ဗဟိုကော်မတီအစည်းအဝေးဖြင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီထံ အကြောင်းကြားရမည်။

၄၃။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားသူထံ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

၄၄။ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားသူသည် အပိုဒ် ၃၉၊ အပိုဒ်ခွဲ (ဂ) အရ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်လွှာကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

၄၅။ ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားသူသည် အပိုဒ် ၄၃ အရ ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားစာလက်ခံရရှိရပါက ယင်းစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း-

(က) ဝန်ဆောင်ခ ငါးသိန်းကျပ်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

( ခ ) အပိုဒ်ခွဲ (က) အရ ဝန်ဆောင်ခ ပေးသွင်းထားသည့် အထောက်အထားတင်ပြပြီး သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီထံမှ ခွင့်ပြုမိန့်သက်တမ်းတိုးလက်မှတ် ထုတ်ယူရမည်။

၄၆။ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်သက်တမ်းတိုး လျှောက်ထားသူက အပိုဒ် ၄၅ အရ ဝန်ဆောင်ခပေးသွင်းပြီးကြောင်း အထောက်အထားဖြင့် တင်ပြလာပါက ၎င်းအား ခွင့်ပြုမိန့်သက်တမ်းတိုးလက်မှတ် ထုတ်ပေးရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ

၁။　အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ** ကို **နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ** အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃) | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ပ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဖ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော အပြည်ပြည်ဆိုင်ရာထောက်ပံ့ငွေများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ (Grants)၊ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများ (Soft Loans) များနှင့် သုတေသနနှင့် လေ့ကျင့်ရေး (Research and Training) ရရှိရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) နိုင်ငံတစ်ခုချင်းစီနှင့် ကိုက်ညီသော သဘောတူညီချက် (Deal) များကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ (Sanction)ကို ကျော်လွှားနိုင်ရေးနှင့် စီမံကိန်းများ၊ စီးပွားရေး အခွင့်အလမ်းများအား ပူးတွဲဖော်ဆောင်နိုင်ရေးဆောင်ရွက်ရန်၊

(ဂ) မိတ်ဖက်အာဆီယံနိုင်ငံများနှင့် ရေရှည်ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မည့် ဘုံအကျိုးစီးပွားများ ပေါ်ပေါက်စေရေး ဆောင်ရွက်ရန်၊

(ဃ) ပြည်သူများ၏ မျှော်လင့်ချက်၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

( င ) နိုင်ငံတကာအကူအညီရယူ၍ ပြည်တွင်းပညာရှင်များဖြင့် ဘေးအန္တရာယ်လျှော့ချရေး (DRR–Disaster Risk Reduction) နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကြံဉာဏ်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

( စ ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးကိစ္စရပ်များကို အသုံးချ၍ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကို မြန်မာသံရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအားလုံးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများအား ချက်ချင်းအသိပေး၍ သတင်းထုတ်ပြန်ခြင်း၊ အကူအညီအထောက်အပံ့များ တောင်းခံရယူခြင်းများကို ဆောင်ရွက်ရန်၊

( ဇ ) ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတစ်ဆင့် ဝင်ရောက်လာသည့်အခါ ပြည်ဝင်ဗီဇာထုတ်ပေးနိုင်ရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဈ ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလအချိန်အခါနှင့် လျော်ညီမှုရှိစေရေး သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ (၃) လတစ်ကြိမ်တင်ပြသွားရန်၊

( ဋ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် တာဝန်များဆောင်ရွက်သွားရန်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

## တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) အရာရှိကြီးတစ်ဦး အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး(၁)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး(၂)
အခွန်အယူခံခုံအဖွဲ့ရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)

၂။ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုမိုကောင်းမွန်သော နိုင်ငံတော်သစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံသားတိုင်း စုစည်းညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရေး လှုံ့ဆော်စည်းရုံးရန်၊

(ခ) သဘာဝဘေးဆိုးကြီးများကို ထိရောက်ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အကျိုးတရားများ ဖော်ဆောင်နိုင်ခဲ့မှုကို ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်၊

(ဂ) နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာစေရန်၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို ထောက်ခံအားပေးလာစေရန်၊

(ဃ) အချို့သဘာဝဘေးများသည် ဖျက်အားကြီးမားလှသဖြင့် နိုင်ငံ၏ကဏ္ဍပေါင်းစုံကို ထိခိုက်ပျက်စီးသည့်အတွက် နိုင်ငံသားတိုင်းအပေါ် သက်ရောက်မှုရှိသည်ကို အသိပေးဆောင်ရွက်ရန်၊

(င) ပြည်သူလူထု၏ အခက်အခဲအရပ်ရပ်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာပိတ်ဆို့အရေးယူမှုများ၊ ပြည်ဖျက်မီဒီယာများကြောင့်သာဖြစ်ကြောင်း ပြည်သူလူထုက သဘောပေါက်နားလည်စေရန်၊

(စ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်၌ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရှိစေရန်၊

(ဆ) ပူးပေါင်းဆောင်ရွက်ရန်ဆန့်ကျင်ငြင်းဆိုမှုသည်ပြည်သူလူထု၏အတိဒုက္ခကိုလျစ်လျူရှုမှုသာဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်ရန်၊ နိုင်ငံစီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စီးပွားရေးပိတ်ဆို့မှုများမှ ကျော်လွှားရန်၊

(ဇ) သဘာဝဘေးကြောင့်ဖြစ်ပေါ်နေသည့် ကြောက်ရွံ့အားငယ်စိတ်၊ စိုးရိမ်စိတ်တို့ကို အစိုးရနှင့် တပ်မတော်အပေါ် ယုံကြည်အားကိုးစိတ်ဖြင့် အစားထိုး၍ စိတ်ဓာတ်တက်ကြွလာအောင် အားပေးလှုံ့ဆော်ရန်၊

(ဈ) ရုပ်ပိုင်းနှင့် စိတ်ပိုင်းခံစားမှုများကို ကုစားနိုင်ရန် အစိုးရနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်မှုအပေါ် ယုံကြည်အားကိုးလာစေရေးဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေး ရေးဆွဲဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

ဒေါက်တာ သန်းစိုး
ဥက္ကဋ္ဌ (ကိုယ်စား)၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်)

**ပုဂ္ဂလိကဆေးရုံတွင် ယာဉ်ရပ်နားရန်နေရာအကျယ်အဝန်းသတ်မှတ်ခြင်း**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ) အရ ပုဂ္ဂလိကဆေးရုံတွင် ယာဉ်ရပ်နားရန်နေရာအကျယ်အဝန်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် သတ်မှတ်ချက်များကို ယင်းဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

၁။ (က) ခုတင် ၁၀၀ အောက် ပုဂ္ဂလိကဆေးရုံတွင် အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor area) အလိုက် နောက်ဆက်တွဲ (က) ပါ ယာဉ်ရပ်နားရန်နေရာအကျယ်အဝန်းထားရှိရမည်။

(ခ) ခုတင် ၁၀၀ နှင့်အထက် ပုဂ္ဂလိကဆေးရုံတွင် အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor area) အလိုက် နောက်ဆက်တွဲ (ခ) ပါ ယာဉ်ရပ်နားရန်နေရာအကျယ်အဝန်းထားရှိရမည်။

(ဂ) ပုဂ္ဂလိကဆေးရုံတွင် ယာဉ်ရပ်နားရန်နေရာအကျယ်အဝန်းနှင့်စပ်လျဉ်း၍ ကားတစ်စီး၏ အတိုင်းအတာကို ၈ ပေ x ၁၆ ပေ၊ ကားလမ်း (Car driveway) အကျယ်ကို တစ်လမ်းမောင်းယာဉ်ကြော (One way traffic flow) ဖြစ်ပါက အနည်းဆုံး ၁၂ ပေနှင့် နှစ်လမ်းမောင်းယာဉ်ကြော (Two way traffic flow) ဖြစ်ပါက အနည်းဆုံး ၂၀ ပေ ထားရှိရမည်။

(ဃ) ခုတင် ၁၀၀ နှင့်အထက် ပုဂ္ဂလိကဆေးရုံတွင် မီးသတ်ယာဉ်ပတ်လမ်းနှင့် မီးသတ်ယာဉ်ရပ်ရန် နေရာသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀) နှင့်အညီ ထားရှိရမည်။

၂။ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်ရက်မတိုင်မီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိပြီးသော ပုဂ္ဂလိကဆေးရုံသည် ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ရက်မှ တစ်နှစ်အတွင်း ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း

ဥက္ကဋ္ဌ

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

နောက်ဆက်တွဲ (က)

## ခုတင် ၁၀၀ အောက် ပုဂ္ဂလိကဆေးရုံများတွင် အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor area) အလိုက် သတ်မှတ်ထားရှိသည့် ယာဉ်ရပ်နားရန်နေရာ အကျယ်အဝန်းများ

| စဉ် | အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor Area) ၁၀၀ စတုရန်းမီတာ (၁၀၇၆ စတုရန်းပေ) လျှင် ကားတစ်စီး | | | စုစုပေါင်းထားရှိရမည့်ယာဉ်ရပ်နားရန်နေရာ အကျယ်အဝန်း (ပေ) (လူနာတင်ယာဉ်အပါအဝင်) |
|---|---|---|---|---|
| | စတုရန်း မီတာ | စတုရန်း ပေ | ကား အစီးရေ | အရှည် ၁၆ ပေ အနည်းဆုံးရှိရမည်။ |
| ၁ | ၁၀၀ | ၁၀၇၆ | ၁ | ၁၀ |
| ၂ | ၅၀၀ | ၅၃၈၀ | ၅ | ၄၈ |
| ၃ | ၁၀၀၀ | ၁၀၇၆၀ | ၁၀ | ၉၆ |
| ၄ | ၁၅၀၀ | ၁၆၁၄၀ | ၁၅ | ၁၄၄ |
| ၅ | ၂၀၀၀ | ၂၁၅၂၀ | ၂၀ | ၁၉၂ |
| ၆ | ၂၅၀၀ | ၂၆၉၀၀ | ၂၅ | ၂၄၀ |
| ၇ | ၃၀၀၀ | ၃၂၂၈၀ | ၃၀ | ၂၈၈ |
| ၈ | ၃၅၀၀ | ၃၇၆၆၀ | ၃၅ | ၃၃၆ |
| ၉ | ၄၀၀၀ | ၄၃၀၄၀ | ၄၀ | ၃၈၄ |
| ၁၀ | ၄၅၀၀ | ၄၈၄၂၀ | ၄၅ | ၄၃၂ |
| ၁၁ | ၅၀၀၀ | ၅၃၈၀၀ | ၅၀ | ၄၈၀ |

နောက်ဆက်တွဲ (ခ)

## ခုတင် ၁၀၀ နှင့်အထက် ပုဂ္ဂလိကဆေးရုံများတွင် အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor area) အလိုက် သတ်မှတ်ထားရှိသည့် ယာဉ်ရပ်နားရန်နေရာ အကျယ်အဝန်းများ

| စဉ် | အသုံးချမှုကြမ်းခင်းဧရိယာ (Effective Floor Area) ၁၀၀ စတုရန်းမီတာ (၁၀၇၆ စတုရန်းပေ) လျှင် ကားတစ်စီး | | | စုစုပေါင်းထားရှိရမည့် ယာဉ်ရပ်နားရန်နေရာ အကျယ်အဝန်း (ပေ) (လူနာတင်ယာဉ်၊ မသန်စွမ်းလူနာများအတွက် ယာဉ်ရပ်နားရန်အပါအဝင်) |
|---|---|---|---|---|
| | စတုရန်း မီတာ | စတုရန်း ပေ | ကား အစီးရေ | အရှည် ၁၆ ပေ အနည်းဆုံးရှိရမည်။ |
| ၁ | ၁၀၀ | ၁၀၇၆ | ၁ | ၁၂ |
| ၂ | ၅၀၀ | ၅၃၈၀ | ၅ | ၅၈ |
| ၃ | ၁၀၀၀ | ၁၀၇၆၀ | ၁၀ | ၁၁၅ |
| ၄ | ၁၅၀၀ | ၁၆၁၄၀ | ၁၅ | ၁၇၃ |
| ၅ | ၂၀၀၀ | ၂၁၅၂၀ | ၂၀ | ၂၃၀ |
| ၆ | ၂၅၀၀ | ၂၆၉၀၀ | ၂၅ | ၂၈၈ |
| ၇ | ၃၀၀၀ | ၃၂၂၈၀ | ၃၀ | ၃၄၆ |
| ၈ | ၃၅၀၀ | ၃၇၆၆၀ | ၃၅ | ၄၀၃ |
| ၉ | ၄၀၀၀ | ၄၃၀၄၀ | ၄၀ | ၄၆၁ |
| ၁၀ | ၄၅၀၀ | ၄၈၄၂၀ | ၄၅ | ၅၁၈ |
| ၁၁ | ၅၀၀၀ | ၅၃၈၀၀ | ၅၀ | ၅၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၅၀၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ ကာကွယ်ရေးဝန်ကြီးဌာန၊ **အမှတ် (၁)၊ သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှအလိုရှိကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်း/အကွက်အမှတ်နှင့် အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | အောင်လံ | ကွမ်းလောင်း | ၂၀၈/ပျဉ်းပင်လှကွင်း | ၅၀/၃၊ ၄၈၊ ၄၆၊ ၃၁၉၊ ၃၂၃ | ၃.၄၇ |
| | | ကွမ်းလောင်း | ၉၆၆/မြောင်ကွင်း | ၂၄ | ၁.၀၆ |
| | | မြင်းကပိုင် | ၂၀၆/ကျောက်စွယ်ကျိုးကွင်း | ၂၀/၂၄၉၊ ၂၀/၂၅၀၊ ၅၆၊ ၅၇/၂၅၂၊ ၅၂၊ ၅၃ | ၅.၄၃ |
| **စုစုပေါင်း** | | | | **၁၂ ခု** | **၉.၉၆** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်ရန် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ **အမှတ် (၁)၊ သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)** အတွက် သိမ်းဆည်းရန်အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသော မြေ၏ ကွင်းအမှတ်/ အမည်၊ ဦးပိုင် အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲ** ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - မြင်းကပိုင်ကျေးရွာ

အနောက်လားသော် - ရောဝတီမြစ်

တောင်လားသော် - ငပြေင်းကျေးရွာ

မြောက်လားသော် - ဒုရဂ်ဗိုလ်သကြားစက်

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ ယင်းမြေပုံကို အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကိုသိမ်းယူပြီးလျှင် ကာကွယ်ရေးဝန်ကြီးဌာန၊ **အမှတ် (၁)၊ သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)** အဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**နောက်ဆက်တွဲ**

**အမှတ် (၁)၊ သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး) ဧရိယာအတွင်းရှိ မြေပိုင်ရှင်များအမည်စာရင်း**

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | အမည် | ကွင်းအမှတ် | | ဦးပိုင်အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|
| ၁ | အောင်လံ | ကွမ်းလောင်း | ဦးမြဆင့် | ၂၀၈ | ပျဉ်းပင်လှ | ၅၀/၃ | ၀.၃၅ |
| ၂ | အောင်လံ | ကွမ်းလောင်း | ဦးလှကျန် | ၂၀၈ | ပျဉ်းပင်လှ | ၄၈ | ၀.၂၈ |
| ၃ | အောင်လံ | ကွမ်းလောင်း | ဦးသန်းမြင့် | ၂၀၈ | ပျဉ်းပင်လှ | ၄၆ | ၀.၇၆ |
| ၄ | အောင်လံ | ကွမ်းလောင်း | ဦးအောင်သောင်း | ၂၀၈ | ပျဉ်းပင်လှ | ၃၁၉ | ၀.၅၀ |
| ၅ | အောင်လံ | ကွမ်းလောင်း | ဦးလှရှိန် | ၂၀၈ | ပျဉ်းပင်လှ | ၃၂၃ | ၁.၅၈ |
| ၆ | အောင်လံ | ကွမ်းလောင်း | ဒေါ်တင်ရွှေ | ၉၆၆ | မြောင်ကွင်း | ၂၄ | ၁.၀၆ |
| ၇ | အောင်လံ | မြင်းကပိုင် | ဦးလှထွန်း | ၂၀၆ | ကျောက်စွယ်ကျိုး | ၂၀/၂၄၉ | ၃.၁၄ |
| ၈ | အောင်လံ | မြင်းကပိုင် | ဦးဘိုတာ | ၂၀၆ | ကျောက်စွယ်ကျိုး | ၂၀/၂၅၀ | ၀.၃၇ |
| ၉ | အောင်လံ | မြင်းကပိုင် | ဦးတင်ဆင့် | ၂၀၆ | ကျောက်စွယ်ကျိုး | ၅၆ | ၁.၀၄ |
| ၁၀ | အောင်လံ | မြင်းကပိုင် | ဦးကျော်မြ | ၂၀၆ | ကျောက်စွယ်ကျိုး | ၅၇/၂၅၂ | ၀.၅၀ |
| ၁၁ | အောင်လံ | မြင်းကပိုင် | ဦးမြသန်း | ၂၀၆ | ကျောက်စွယ်ကျိုး | ၅၂ | ၀.၁၈ |
| ၁၂ | အောင်လံ | မြင်းကပိုင် | ဦးမြင့်ရွှေ | ၂၀၆ | ကျောက်စွယ်ကျိုး | ၅၃ | ၀.၂၀ |
| **စုစုပေါင်း** | | | | | | | **၉.၉၆** |

**အမိန့်ကြော်ငြာစာ (၅၀၅/၂၀၂၅)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၅၁-က/သုံးတောင်အရှေ့)၊ ဦးပိုင်အမှတ် (၉၁/၂) ရှိ **မြေဧရိယာ ၂.၄၄ ဧက** အား **ဘော်ဒါဆောင်ဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ

၁,၀၂၄,၈၀၀/- နှုန်းဖြင့် ဦးအောင်စိုး [၉/လဝန (နိုင်) ၀၀၈၇၅၇] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၀၆/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၀၇/ရွှေးစုမြောက်)၊ ဦးပိုင်အမှတ် (၁၄) ရှိ **မြေဧရိယာ ၂.၀၀ ဧက** အား **Little Codelab Computer Training School** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄၈၀,၀၀၀/- နှုန်းဖြင့် ဦးမင်းထက် [၉/ခအဇ (နိုင်) ၀၀၁၃၅၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၁၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၁၊ မြို့မရပ်)၊ ဦးပိုင်အမှတ် (၂ ခ/၂) ရှိ **မြေဧရိယာ ၀.၀၇၈ ဧက** အား **ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၃/၂၀၂၅)

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/ဘုရားရှိခိုးကုန်း)၊ ဦးပိုင်အမှတ် (၅၉) ရှိ **မြေဧရိယာ ၀.၅၅၉ ဧက** အား **ပြည်နယ်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းမှ နည်းပြမှူးချုပ် ရဲ ၂၄၀၀ ယာယီရဲမှူးကြီး စိုးနိုင် အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲ ၂၄၆၀ ယာယီရဲမှူးကြီး ဉာဏ်ဝင်း အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၇/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းသို့ တွဲဖက်ထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ဌာနမှူး ရဲ ၂၅၂၂ ရဲမှူးကြီး အောင်နိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၈/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ တွဲဖက်ထားသော အမှတ် (၆) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၇၉၇ ရဲမှူးကြီး သက်နိုင်ထွန်း အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၉/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်-

(၁) ရဲ ၂၈၄၃ ရဲမှူးကြီး ဌေးဌေးထွန်း
ဒုတိယတပ်ဖွဲ့မှူး
အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့
[အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းတွဲ]

(၂) ရဲ ၂၉၃၆ ရဲမှူးကြီး ထွန်းခိုင်
ဌာနမှူး၊ နည်းပညာဌာန
သတင်းရဲတပ်ဖွဲ့
[အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်းတွဲ]

**အမိန့်ကြော်ငြာစာအမှတ် (၅၃၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ပါကစ္စတန်အမျိုးသားလက်ရွေးစင်အသင်းတို့သည် အာရှဘောလုံးအဖွဲ့ချုပ် (Asian Football Confederation–AFC) မှကြီးမှူး၍ ဆော်ဒီအာရေဗျနိုင်ငံတွင်ကျင်းပမည့် ၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးခြေစစ်ပြိုင်ပွဲ (Asian Cup Saudi Arabia 2027 Qualifiers) ၏ Group (E) အုပ်စုပွဲစဉ်အား ၁၀–၆–၂၀၂၅ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းသည် ဝေဇယန္တာလမ်း၊ သုဝဏ္ဏဘောလုံးကွင်းရှေ့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ Gold Hotel တွင်လည်းကောင်း၊ ပါကစ္စတန်အမျိုးသားလက်ရွေးစင်အသင်းသည် အမှတ် (၃၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ Inya Lake Hotel တွင်လည်းကောင်း တည်းခိုနေထိုင်ကြမည်ဖြစ်ပါသဖြင့် သုဝဏ္ဏဘောလုံးကွင်းနှင့် ၎င်းတို့တည်းခိုမည့် Hotel များတွင် ၈–၆–၂၀၂၅ ရက်နေ့မှ ၁၁–၆–၂၀၂၅ ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံအလံအား လွှင့်ထူပြသခြင်းကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၅ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၂၂၀၁၄၉ ရဲအုပ် ဇေယျာအောင် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၈၃၁ အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၃၃/၂၀၂၅)**

ရှမ်းပြည်နယ်၊ ကွတ်ခိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမောင်မောင် (ပ/၅၃၈၆) အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၅၃၈/၂၀၂၅)**

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (ကွင်းပြင်)၊ ဦးပိုင်အမှတ် (–) ရှိ **မြေဧရိယာ ၅၉၀.၀၀ ဧက** အနက်မှ **မြေဧရိယာ ၁.၈၈ ဧက** အား ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၀၁၁) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၂)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၀၁၁) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းက နိုင်ငံတော်သို့ အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၈၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၃၉/၂၀၂၅)

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (ကွင်းပြင်)၊ ဦးပိုင်ပေါင်း (၇၂) ခုရှိ **မြေဧရိယာ ၈၃၉.၈၃ ဧက** အနက်မှ **မြေဧရိယာ ၃.၄၂ ဧက** အား ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၂၆) ခြေလျင်တပ်ရင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၃)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၂၆) ခြေလျင်တပ်ရင်းက နိုင်ငံတော်သို့ အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃.၄၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၄၀/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၂A/ကိုးပင်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၃၀၉)၊ မြေကွက်အမှတ် (၃၂၀) ရှိ **မြေဧရိယာ ၀.၄၅၃ ဧက** အား စီမံကိန်းရေးဆွဲရေးဦးစီးဌာန **သရက်ခရိုင်စီမံကိန်းဦးစီးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (OSS/ကြေးပြင်)၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ ၃၅၀.၉၀ ဧက** အား **အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၄၃/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄-ဃ၊ အစိုးရရပ်)၊ ဦးပိုင်အမှတ် ( ၂၀/ဃ )၊ မြေကွက်အမှတ် ( 78/165 ) ရှိ **မြေဧရိယာ ၀.၁၄၃ ဧက** အား **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သာစည်မြို့နယ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၄၄/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃/ဖောင်တော်ဦး)၊ ဦးပိုင်အမှတ် ( ၂၅၈/၂၆၁ ) ရှိ **မြေဧရိယာ ၀.၁၀၁ ဧက** အား **မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေစကြိုမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၄၅/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၂A/ကိုးပင်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၃၁၆/ခ)၊ မြေကွက်အမှတ် ( ၃၂၈/၃၇၇ ) ရှိ **မြေဧရိယာ ၀.၆၃၁ ဧက** အား **သရက်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်မောင်းစစ်ဆေးရေးကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၄၆/၂၀၂၅)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၄၅၈/လတွဒ်ကွင်း)၊ မြေကွက်အမှတ် (၁၅+၁၆) ရှိ **မြေဧရိယာ ၀.၂၂ ဧက** အား **မိုးညှင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေးဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ (FI ဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအထွေထွေမန်နေဂျာ (ပြည်တွင်းဘဏ်လုပ်ငန်းဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဈ) | ဒုတိယအထွေထွေမန်နေဂျာ (ချေးငွေဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ည) | ဒုတိယအထွေထွေမန်နေဂျာ (နိုင်ငံခြားငွေစာရင်းဌာန)<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |

(ဌ) ဒုတိယအထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေးဌာန) အတွင်းရေးမှူး
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

၂။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်အပေါ် ဘဏ်က အကောင်အထည်ဖော်နိုင်မှုအခြေအနေ သုံးသပ်ခြင်း၊

(ခ) ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ဂ) ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ချေးခြင်းများကို ကြီးကြပ်ခြင်း၊

(င) ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာအချိုးများအား စိစစ်သုံးသပ်ခြင်း၊

(စ) လုပ်ငန်းဆောင်ရွက်မှုများအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဂ) ပါ လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း။

၃။ ဒါရိုက်တာအဖွဲ့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) ပါ ကော်မတီများ၊ ဆပ်ကော်မတီများကိုဖွဲ့စည်းနိုင်ပြီး ယင်းတို့၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်နိုင်သည်။

၄။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအား အနည်းဆုံး တစ်လ တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

၅။ ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်စွဲပါ ရုံးအမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဒေါ်ဥမ္မာသန်း အား လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိန်ဦး အား ၂၀၂၅ ခုနှစ်၊ မေလ ၃ ရက်နေ့မှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း (၈)၊ အပိုဒ် ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/ ၈/ ကောင်စီရုံးအရ သံအမတ်ကြီးအနေဖြင့် အငြိမ်းစားယူရန် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ငြင်းပယ်ခံရသော ခွင့်ကာလအတွက် ခံစားခွင့်ရှိသည့်ခွင့်လစာကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခံစားခွင့် ပြုလိုက်သည်။

သန်းဆွေ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၄/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုး အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် အစမ်းခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါဌာနများသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ဌာနပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဦးစိုးမြင့်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး |
| ၂။ | ဦးသက်တင်လင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ကယားပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ကယားပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကယားပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးကျော်စွာထွန်း **အစား** အတွင်းရေးမှူး ဦးရဲနိုင် ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုဦး **အစား** ညွှန်ကြားရေးမှူး ဦးကျော်အောင်ဆန်း ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၅)

### ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးလှမျိုးအောင် **အစား** ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင် **အစား** ညွှန်ကြားရေးမှူး ဦးမင်းအောင် ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့် **အစား** ညွှန်ကြားရေးမှူး ဦးမြင့်လွင် ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

### ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၅ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးနေဝင်းအောင် **အစား** အတွင်းရေးမှူး ဦးစန်းဌေး ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၅)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၈-A)၊ မြေကွက်အမှတ် (၂၉) ရှိ မြေဧရိယာ ၂.၁၈ ဧကတွင် အိန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) (အလျား ၁၆၀′ x အနံ ၁၄၀′) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် **စာဆိုဗိမာန်တည်ဆောက်ရေးတင်ဒါကော်မတီ** ကို ၂၇-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၂၄ ဖြင့်လည်းကောင်း၊ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို ၂၇-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၂၄ ဖြင့်လည်းကောင်း၊ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို ဤဝန်ကြီးဌာန၏ ၁၇-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၄ ဖြင့်လည်းကောင်း၊ **စာဆိုဗိမာန်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ** ကို ၂၆-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၂၄ ဖြင့်လည်းကောင်း၊ **အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ** ကို ၄-၉-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၂၄ ဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါကော်မတီများအနက် **စာဆိုဗိမာန်တည်ဆောက်ရေးတင်ဒါကော်မတီ** တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုအေး **အစား** ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်သင့်ရာမွေး ဖြင့် လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဇော်မင်းထွန်း **အစား** နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်သစ်ဆန်း ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၅)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈-A)၊ မြေကွက်အမှတ် (၂၉) ရှိ မြေဧရိယာ ၂.၁၈ ဧကတွင် အိန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) (အလျား ၁၆၀'x အနံ ၁၄၀') တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် **စာဆိုဗိမာန်တည်ဆောက်ရေးတင်ဒါကော်မတီ** ကို ၂၇-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၂၄ ဖြင့်လည်းကောင်း၊ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို ၂၇-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၂၄ ဖြင့် လည်းကောင်း၊ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို ဤဝန်ကြီးဌာန၏ ၁၇-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၄ ဖြင့်လည်းကောင်း၊ **စာဆိုဗိမာန်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ** ကို ၂၆-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၂၄ ဖြင့်လည်းကောင်း၊ **အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ** ကို ၄-၉-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၂၄ ဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါကော်မတီများအနက် **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင် **အစား** ညွှန်ကြားရေးမှူး ဒေါ်ခင်မာဆွေ ဖြင့် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်လွင် **အစား** ညွှန်ကြားရေးမှူး ဦးဇော်ဟိန်းထွန်း ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုအေး **အစား** ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်သင့်ရာမွေး ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၇/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းကိုင်-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၆) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၅) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (ငွေစာရင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများတွင် တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ရာထူး | တိုးမြှင့်ရာထူးဖြင့် တာဝန်ချထားသည့် ဌာန၊ ဒေသ |
|---|---|---|---|
| (က) | ဒေါ်ကြည်ကြည်မာ | ဦးစီးအရာရှိ (ငွေစာရင်း) | ငွေစာရင်းဌာနခွဲ၊ ရုံးချုပ် |
| ( ခ ) | ဒေါ်ခင်စန်းဦး | ဦးစီးအရာရှိ (ငွေစာရင်း) | တိုင်းငွေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ( ဂ ) | ဒေါ်သန်းသန်းထွေး | ဦးစီးအရာရှိ (ငွေစာရင်း) | ငွေစာရင်းဌာနခွဲ၊ ရုံးချုပ် |
| (ဃ) | ဒေါ်အေးသူဇာအောင် | ဦးစီးအရာရှိ (ငွေစာရင်း) | ငွေစာရင်းဌာနခွဲ၊ ရုံးချုပ် |
| ( င ) | ဒေါ်ညိုညိုခိုင်ဦး | ဦးစီးအရာရှိ (ငွေစာရင်း) | နှစ်ရှည်သီးနှံဌာနခွဲ၊ ရုံးချုပ် |
| ( စ ) | ဒေါ်ကြည်ကြည်မြ | ဦးစီးအရာရှိ (ငွေစာရင်း) | ငွေစာရင်းဌာနခွဲ၊ ရုံးချုပ် |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အရာထမ်းအခြေခံသင်တန်းသို့ အစောဆုံးစေလွှတ်တက်ရောက်စေရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်း၊ ၈/မကန (နိုင်) ၀၆၀၂၈၇ အား လုပ်ငန်းတာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ လားရှိုးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင်းနိုင် အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေဧရိယာ ၁၅၀.၄၄၅ ဧကနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေဧရိယာ ၃၅၈.၇၄၃ ဧက **စုစုပေါင်းမြေဧရိယာ ၅၀၉.၁၈၈ ဧက** တို့အား ရွာသာကြီးဘက်စုံမွေးမြူရေးစခန်းအသုံးပြုရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရွာသာကြီးဘက်စုံမွေးမြူရေးစခန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၅ | ၄၀ | ၆၁၉ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၆/ခ | ၉၈ | ၄၂၈ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၈ | ၁၁ | ၃၉၈ | |
| ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၏ စုစုပေါင်း မြေဧရိယာ | | | | ၁၅၀ | ၄၄၅ | |
| ရန်ကုန် | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၅၃ | ၁/ခ | ၅ | ၃၁၈ | |
| ရန်ကုန် | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၆၆/က | ၃/၄ | ၃၅၃ | ၄၂၅ | |
| ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၏ စုစုပေါင်း မြေဧရိယာ | | | | ၃၅၈ | ၇၄၃ | |
| **မြေဧရိယာ စုစုပေါင်း** | | | | ၅၀၉ | ၁၈၈ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | လမ်း၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာနှင့် စံပြစိုက်ပျိုးရေးဇုန် |
| အနောက်လားသော် | - | စက်မှုလယ်ယာ၊ စီးပွားရေးတက္ကသိုလ် |
| တောင်လားသော် | - | လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၅၄ နှင့် စက်မှုလယ်ယာ |
| မြောက်လားသော် | - | ရန်ကုန် - မန္တလေးမီးရထားလမ်း |

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၀-၂-၂၀၂၄ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀-၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/ ၂၀၂၅) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ယခင် ထုတ်ပေးခဲ့သည့် ၃-၆-၂၀၂၃ ရက်စွဲပါ မူလမြေလွှဲအမိန့်ကြော်ငြာစာအား ၁၁-၆-၂၀၂၅ ရက်စွဲပါ စာအမှတ် နပတ/ မအရ/ မယ/ ဌာနစု (၄)/ ၂၀၂၅ (၁၃၆၈) ဖြင့် ပယ်ဖျက်ပြီးဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေဧရိယာ ၁၅၀.၄၄၅ ဧကနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေဧရိယာ ၃၅၈.၇၄၃ ဧက **စုစုပေါင်းမြေဧရိယာ ၅၀၉.၁၈၈ ဧကရှိ** အစိုးရမြေနေရာအား ရွာသာကြီးဘက်စုံမွေးမြူရေး စခန်း အသုံးပြုရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၅၆/၂၀၂၅)**
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၂၅ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၃၃၄၇ ဒုတိယညွှန်ကြားရေးမှူးချုပ် (မြို့ပြနှင့် ဒေသ) ဦးဇော်ဇော်အေး အား အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၇၀/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၉) ပဲခူးမှ ကိုယ်ပိုင်အမှတ်၊ ဆ/ ၂၃၆၂ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန္ဒာဝင်း အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဌာနခွဲတွင် လစာနှုန်း

(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ စ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၅) ဖြင့် အတည်ပြုချက်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်မာလွင် (၁၁၆၈၆) အား စီမံရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

မကွေးမြို့၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၂၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၇၉)၊ အပိုဒ်ခွဲ (က) အရ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကွပ်ကဲမှုအောက်ရှိ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးကျော်သူ၊ ဒုတိယညွှန်ကြားရေးမှူး အား မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၎င်းအမှန်တကယ်အလုပ်ဝင်ရောက်သည့်နေ့မှစ၍ ရာထူး တိုးမြှင့်ခန့်ထားလိုက်သည်။

တင့်လွင်
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်<br>(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

အမှတ် ၁၀၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၆/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဝင်းနိုင် ကြည်း ၈၁၃၉၆

အမှတ် ၁၀၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) ဇော်လင်းနိုင် ကြည်း ၈၁၃၉၇

(၂) ကျော်နိုင် ကြည်း ၈၁၃၉၈

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

အမှတ် ၁၀၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ

ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| ဝင်းဇော် | ကြည်း | ၈၁၃၉၉ |

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

အမှတ် ၁၁၂/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| ကျော်မိုး | ကြည်း | ၈၁၄၀၀ |

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

အမှတ် ၁၁၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | သန့်ဇင် | ကြည်း | ၈၁၄၀၁ |
| (၂) | မျိုးခင် | ကြည်း | ၈၁၄၀၂ |
| (၃) | ဇော်မြင့် | ကြည်း | ၈၁၄၀၃ |
| (၄) | ထင်ကျော် | ကြည်း | ၈၁၄၀၄ |
| (၅) | အောင်မင်း | ကြည်း | ၈၁၄၀၅ |
| (၆) | မျိုးညွန့်အောင် | ကြည်း | ၈၁၄၀၆ |
| (၇) | ဝင်းမောင် | ကြည်း | ၈၁၄၀၇ |
| (၈) | ခင်မောင်ညွန့် | ကြည်း | ၈၁၄၀၈ |
| (၉) | သန်းဆင့် | ကြည်း | ၈၁၄၀၉ |
| (၁၀) | လှငွေးဝင်း | ကြည်း | ၈၁၄၁၀ |
| (၁၁) | ဇော်ဇော်လွင် | ကြည်း | ၈၁၄၁၁ |
| (၁၂) | ခင်မောင်ဝင်း | ကြည်း | ၈၁၄၁၂ |

အမှတ် ၁၁၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | အောင်ဇော်လင်း | ကြည်း | ၈၁၄၁၃ | ၁၄-၆-၂၀၂၅ |
| (၂) | ဇော်ဇော်မိုး | ကြည်း | ၈၁၄၁၄ | ၁၆-၆-၂၀၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### **အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၆စီ-တောရကွင်း)၊ ဦးပိုင်အမှတ် (၂ဓ) ရှိ **မြေဧရိယာ ၀.၆၀၉ ဧက** အား **ချမ်းမြသာစည်ဘုန်းကြီးကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### **အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၄/မန္တလေး)၊ ဦးပိုင်အမှတ်-၁က/၄ ရှိ **မြေဧရိယာ ၀.၂၁ ဧက** အား **စိန်မမဓမ္မစကူးလ်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### **အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၈၇ဂ/ပဲခူးစုကွင်း)၊ မြေကွက်အမှတ် (၂၅၀) ရှိ မြေဧရိယာ ၁၂.၀၇ ဧကနှင့် မြေကွက်အမှတ် (၂၅၁) ရှိ မြေဧရိယာ ၀.၆၂ ဧက **စုစုပေါင်းမြေဧရိယာ ၁၂.၆၉ ဧက** အား **နဂါးရုံဘုရား၊ ရှင်ဥပဂုတ္တရဟန္တာကျောင်းနှင့် ရေကန်တည်ထားကိုးကွယ်ရန်** အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၁၁-ခ/ ရန်မျိုးအောင်ရပ်)၊ မြေကွက်အမှတ် ( ၃/၂၃၆ )၊ ဦးပိုင်အမှတ် (၂) ရှိ မြေဧရိယာ ၀.၀၇၆ ဧကနှင့် ဦးပိုင်အမှတ် (၃) ရှိ မြေဧရိယာ ၀.၁၀၀ ဧက **စုစုပေါင်းမြေဧရိယာ ၀.၁၇၆ ဧက** အား **ရန်အောင်စေတီနှင့် ကုသလံ ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၅)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၁၁-ခ/ ရန်မျိုးအောင်ရပ်)၊ ဦးပိုင်အမှတ် (၄-ခ)၊ မြေကွက်အမှတ် ( ၆/၂၄၈ ) ရှိ **မြေဧရိယာ ၀.၉၃၄ ဧက** အား **သာယာကုန်းဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၀၄၄ (က) /၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/ ၁၈ (က) (၁၀၁၁/၂၀၂၅) အရ ကာကွယ်ရေးဝန်ကြီးဌာနမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် ကြည်း ၅၆၂၃၇ ဗိုလ်ကြီး တေဇာမင်း အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

အောင်သူ

ညွှန်ကြားရေးမှူးချုပ်

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ALLIANCE CONSUMER GOODS INTERNATIONAL LIMITED**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၅၂ (က)

နည်းဥပဒေပုဒ်မ ၁၅ အရ

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **ALLIANCE CONSUMER GOODS INTERNATIONAL LIMITED** အား ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သက်မာစိုး (PAPP–900) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ထက်နောက်မကျစေဘဲ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သက်မာစိုး

B.Com, CPA, (PAPP–900)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ